မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ချုပ်ရုံး
စာအမှတ် ၂၃၃၉
ရက်စွဲ ၆.၉.၁၈
အချိန် ၁၇.၁၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး

စာအမှတ်၊ စက -၂၈/၂၄ /၂၀၁၈( ၂၈၀၀ )
ရက်စွဲ ၂၀၁၈ ခုနှစ်၊စက်တင်ဘာလ ၄ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်
စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

အကြောင်းအရာ။ **သင်တန်းစားသောက်စရိတ်နှုန်းထားအား တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၉ - ၈ - ၂၀၁၈ ရက်စွဲပါစာအမှတ်၊ စဘ/ဘဏ္ဍာ-၂ / ၂ / ၃၁၀ ( ၃၇၀၅ / ၂၀၁၈ )

ဌာန ၊ အဖွဲ့အစည်းများတွင် ကြီးမှူးဖွင့်လှစ်သည့် ညဦ့အိပ်ညဦ့နေ သင်တန်းများသို့ တက်ရောက်ကြသော ဝန်ထမ်းများအတွက် သင်တန်းစားသောက်စရိတ်ကို ၂၀၁၈ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တစ်ဦးလျှင် တစ်နေ့ ကျပ် ၁၀၀၀/- နှုန်းသို့ တိုးမြှင့် ပြင်ဆင်သတ်မှတ်ကြောင်း နှင့် အဆိုပါသင်တန်းစားသောက်စရိတ်သည် သင်တန်းသားများအား သင်တန်းမှတာဝန်ယူ ကျွေးမွေးသည်ဖြစ်စေ ၊ စားသောက်စရိတ်ထုတ်ပေး၍ ၎င်းတို့အစီအစဉ်ဖြင့် စားသောက်ရသည်ဖြစ်စေ သတ်မှတ်နှုန်းထားထက် မပိုစေရန်ဖြစ်ကြောင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသဖြင့် သိရှိဆောင်ရွက်နိုင်ပါရန် အကြောင်းကြားပါသည်။

ကြည့်ရှုပြီး

| | |
|---|---|
| ညွှန်ချုပ် | |
| ဒုညွှန်ချုပ်-၁ | |
| ဒုညွှန်ချုပ်-၂ | |
| ရုံးအဖွဲ့ဌာနခွဲမှူး/ကို | |
| ဦးစီးအရာရှိ | |
| ဦးစီးမှူး | |

အမြဲတမ်းအတွင်းဝန်( )
( မင်းဇော်၊ လက်ထောက်အတွင်းဝန် )

လက်ထောက်အတွင်းဝန် ၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ၊ဝန်ကြီးရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၃၁၀(၃၇၀၅/၂၀၁၈)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်

အကြောင်းအရာ။ သင်တန်းစားသောက်စရိတ်နှုန်းထားအား တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ

ရည်ညွှန်းချက်။ ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၈-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ဘ၈-၁/ ၃၁၀(၆၀၂၆/၂၀၁၃)

၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်( ၁၄ /၂၀၁၈)၏ သဘောတူခွင့်ပြုချက်အရ ဌာန၊အဖွဲ့အစည်းများတွင် ကြီးမှူးဖွင့်လှစ်သည့် ညဥ့်အိပ်ညဥ့်နေသင်တန်းများသို့ တက်ရောက်ကြသော ဝန်ထမ်းများအတွက် သင်တန်းစားသောက်စရိတ်ကို ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တစ်ဦးလျှင် တစ်နေ့ ကျပ် ၁၀၀၀/- နှုန်းသို့ တိုးမြှင့်ပြင်ဆင် သတ်မှတ်လိုက်ကြောင်း အကြောင်းကြားအပ်ပါသည်။

၂။ အဆိုပါ သင်တန်းစားသောက်စရိတ်သည် သင်တန်းသားများအား သင်တန်းမှ တာဝန်ယူကျွေးမွေးသည်ဖြစ်စေ၊ စားသောက်စရိတ်ထုတ်ပေး၍ ၎င်းတို့အစီအစဉ်ဖြင့် စားသောက်ရသည်ဖြစ်စေ အထက်ပါ သတ်မှတ်ထားသည့် နှုန်းထားထက် မပိုစေရန် ဖြစ်ပါသည်။

၃။ သင်တန်းစားသောက်စရိတ်ကို ခွင့်ပြုရာ၌ အောက်ပါအချက်များနှင့်ညီညွတ်မှသာ ထုတ်ယူခံစားခွင့်ရှိပါသည် –

(က) မိမိရုံးစိုက်ရာဒေသမှ သင်တန်းတည်ရှိရာဒေသသို့ ညဥ့်အိပ်ညဥ့်နေ နေထိုင်ပြီး သင်တန်းတက်ရောက်ကြရသော ဝန်ထမ်းများ ဖြစ်ရပါမည်၊

(ခ) သင်တန်းကျင်းပသည့်ဒေသတွင် နေထိုင်၍ တက်ရောက်သော ဝန်ထမ်းများသည် သင်တန်းစားသောက်စရိတ်ခံစားခွင့်မရှိပါ၊

(ဂ) ဝန်ထမ်းတစ်ဦးသည် မိမိရုံးစိုက်ရာဒေသမှ အခြားရုံးစိုက်ရာဒေသသို့ သင်တန်းတက်ရောက်ရလျှင် သင်တန်းတက်ရောက်ရသည့် ကာလအတွက် ခရီးစရိတ်နည်းဥပဒေအရ နေ့တွက်စရိတ်ကို ခံစားခွင့်မရှိဘဲ သင်တန်းစားသောက်စရိတ်ကိုသာ ခံစားခွင့်ရှိပါသည်၊

(ဃ) သင်တန်းစားသောက်စရိတ်များ ထုတ်ပေးရာတွင် သင်တန်းအမည်၊ သင်တန်းကာလ၊ စုစုပေါင်းသင်တန်းသားအရေအတွက် ၊ သင်တန်းစားသောက်စရိတ်ခံစားခွင့်ရှိသည့် သင်တန်းသားအရေအတွက် စသည့်အထောက်အထားများ နှင့်တကွ ဌာနအကြီးအကဲ၏ အတည်ပြုမိန့်ဖြင့် ထုတ်ပေးရန် ဖြစ်ပါသည်။

၄။ သင်တန်းစားသောက်စရိတ် နှင့် ပတ်သက်၍ ယခင်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ရည်ညွှန်းပါစာအား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(နွံ့နွံ့ဝင်း၊ညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး (လက်အောက်ခံ ဌာန၊အဖွဲ့အစည်းများအား ဖြန့်ဝေပေးပါရန်)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| | |
|---|---|
| တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊အဖွဲ့အစည်းအားလုံး<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့် ဌာန၊အဖွဲ့အစည်းအားလုံး | (သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဆက်လက်ဖြန့်ဝေပါရန်) |

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)
တိုင်းဒေသကြီး / ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေး နှင့် ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် |